# မာတိကာ


| | |
|---|---|
| - ငွေဥဒေါင်း ၏ အမှာ | ၁ |
| - တင့်တယ် ၏ အမှာ | ၅ |
| - ဦးမောင်မောင်ကြီး ၏ အမှာ | ၈ |
| - ကိုတံငါကို ဖန်တီးသူ (ခေနုဖြူကျော်ထွန်း) | ၁၄ |
| - ခနုဖြူသားတို့ ကြွားစရာ (ဦးမောင်မောင်ကြီး) | ၁၉ |
| - ခေတ်သစ်စာပေမာတိကာ (စာသုသီ) | ၂၃ |
| **အပိုင်း(၁) ကိုတံငါ ဝတ္ထုတိုများ** | **၃၇** |
| ၁။ ကိုတံငါ | ၃၉ |
| ၂။ ဖားပါလျှင် တစ်ကောင်ပေးပါ | ၆၆ |
| ၃။ အင်းလေလံ | ၉၂ |
| ၄။ ငါးရစ်တက်ချိန် | ၁၁၆ |
| ၅။ မိုးဦးကျ | ၁၅၉ |
| ၆။ ဥပုသ်သည် | ၁၇၃ |
| ၇။ ပိုက်သမား | ၁၉၁ |
| ၈။ မိုးနှောင်းကာလ | ၂၁၃ |
| ၉။ နတ်ကနားပွဲ | ၂၃၃ |
| ၁၀။ ငါးနောက်သွား | ၂၅၂ |
| ၁၁။ အထင်တော် လွဲလို့ရယ် | ၂၆၀ |
| ၁၂။ ဘိန်းပုန်းစား | ၂၇၂ |
| ၁၃။ မြစ်တွေး ကွန်သံ လန့်တည့်လေး | ၂၉၀ |
| ၁၄။ ဟိုချို့ ဒီချို့ မန်ကျည်းချို့ | ၃၀၇ |
| ၁၅။ အဟောသုခံ | ၃၂၈ |
| ၁၆။ သူတို့ဂေဟာ | ၃၄၄ |
| ၁၇။ ငါးဆီ | ၃၆၄ |
| ၁၈။ စိုးလှပါတယ် | ၃၈၃ |
| ၁၉။ ဗျိုင်းကျွန်းအင်းသားကြီး ဖိုးရွှေသီး | ၄၀၁ |
| ၂၀။ နှာခေါင်းနှင့် ကျည်ပွေ့ | ၄၁၆ |
| **အပိုင်း(၂) ပီတိရိပ် ဝတ္ထုတိုများ** | **၄၂၉** |
| ၁။ လင်းလှပါပြီ | ၄၃၁ |
| ၂။ ခွပ်လိုက်ကြစို့ သူငယ်ချင်းရယ် | ၄၄၄ |
| ၃။ အကွီအင်းသွား ရေလား | ၄၈၀ |
| ၄။ ဘုန်းကြီးကျောင်းသား | ၅၀၆ |
| ၅။ မိန်းမ မီးနေ | ၅၃၁ |
| ၆။ ခဲဖိုး | ၅၄၃ |
| ၇။ မွေးမေလေးတော် သူ စိတ်ဆိုးလို့ | ၅၆၂ |
| ၈။ ပုထုဇ္ဇနော ဥမ္မတ္တကော | ၅၇၉ |
| ၉။ ပီတိရိပ် | ၅၉၄ |


**အပိုင်း (၁)**၊ 'ကိုဒေါင်းစိန်၊ မယ်စိန်' တို့ကို ပင်တိုင်ဇာတ်ဆောင်ပြု၍ ရေလုပ်သားဘဝ သရုပ်ဖော်ဝတ္ထုတိုပေါင်း ၁၆ ပုဒ်၊ 'ကိုဒေါင်းစိန်၊ မယ်စိန်' ဇာတ်ဆောင်မဟုတ်သည့် မြစ်ဝကျွန်းပေါ် ရေလုပ်သားဘဝ သရုပ်ဖော်ဝတ္ထု ၄ ပုဒ်၊ ပေါင်း ၂၀ ပုဒ် ရေးသားခဲ့ပါသည်။ ၁၉၆၄ အောက်တိုဘာတွင် ရှုမဝစာအုပ်တိုက်က **ကိုတံငါ** ပထမအကြိမ်ကို ဝတ္ထုတို ၁၀ ပုဒ်ဖြင့် ထုတ်ဝေသည်။ ၁၉၇၅ ဖေဖော်ဝါရီတွင် စာချစ်သူစာအုပ်တိုက်က ၁၉၅၀ ဧပြီမှ ၁၉၅၅ စက်တင်ဘာအထိ ရှုမဝမဂ္ဂဇင်းတွင် ထည့်သွင်းဖော်ပြခဲ့သည့် ကိုတံငါဝတ္ထုတိုများအားလုံး ပါဝင်သည့် ဒုတိယအကြိမ်ကို ထုတ်ဝေသည်။
**အပိုင်း (၂)**၊ ၁၉၅၀ မှ ၁၉၅၃ အထိ ရှုမဝ၊ မြဝတီ၊ စာပေဗိမာန်မဂ္ဂဇင်း၊ လင်းယုန်ဂျာနယ်နှင့် သတင်းစုံဂျာနယ်တို့တွင် 'ကြယ်နီ'၊ 'ပွင့်သစ်' ကလောင်တို့ဖြင့် မြန်မာ့ကျေးလက်စရိုက်ဘဝ၊ ရေမြေသဘာဝရှုခင်း၊ ဓလေ့ထုံးတမ်းနှင့် မြို့နေပွဲစားတို့၏ အမြီးအမောက် မတော်မတည့်မှုတို့ကို ဖော်ကြူးသည့် ခေတ်ပြိုင်ခံစားမှုဝတ္ထုတို ၁၄ ပုဒ်ခန့်ကိုလည်း ရေးခဲ့ရာ ဤအပိုင်းမှာ ရှာဖွေတွေ့ကြသည့် **ပီတိရိပ်** ဝတ္ထုတို ၉ ပုဒ်ဖြစ်ပါသည်။

## ဦးမောင်မောင်ကြီး ၏ အမှာ

၁၉၇၅၊ စာချစ်သူစာအုပ်တိုက်ထုတ် **ကိုတံငါ** (ဒုတိယအကြိမ်)မှ

ကြယ်နီ၏ ရည်ရွယ်ချက်ကို ရှေးဦးစွာ ဖော်ပြလိုပါသည်။ ထိုသို့ဖော်ပြရာ၌ သူ့စာထဲမှာ သူ့ရည်ရွယ်ချက်ကိုသာ ဖော်ပြလိုရင်း ဖြစ်ပါသည်။ သူ့ရည်ရွယ်ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

သူသည် လူလိုကျကျ နေထိုင်စားသောက်၍ လူ၏စည်းစိမ်ခံချင်သော လူတစ်ယောက်ဖြစ်သည်။ ဒါပေမဲ့ အဲဒီလို လူ့အခွင့်အရေးတွေ ဆုံးရှုံးခဲ့သော၊ ဆုံးရှုံးဆဲဖြစ်သော၊ ဆုံးရှုံးလတ္တံ့သော လူချင်းမတူသည့် လူတစ်ယောက် ဖြစ်သည်။

အဲဒီလို ဘယ်သူ့အမွေခံပစ္စည်းမှမဟုတ်ဘဲ သူ့အလိုအလျောက် ဖြစ်ပေါ်တည်ရှိနေတဲ့ ဒီရေပြင်ကြီးကို နယ်နိမိတ် ကန့်သတ်ပြီး ပစ္စည်းချမ်းသာတဲ့ အင်းသားကြီးများကိုသာ ပုဂ္ဂလိကပိုင်ဆိုင်မှု ခွင့်ပြုထားလို့ တို့လို ပိုင်ဆိုင်စရာ ရေတစ်ကွက်မှမရှိတဲ့ အင်းမဲ့အိုင်မဲ့သမားတွေ တော်ပြတ်နေရတယ်။ ဒါကြောင့် ဒီရေပြင်ကို ဘုံပိုင်ပစ္စည်းအဖြစ်နဲ့ တို့လို တံငါလုပ်ငန်းကိုသာ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် ရှာဖွေစားသောက်နေတဲ့ အင်းမဲ့အိုင်မဲ့သမားတွေကို တစ်စိတ်တစ်ဒေသ ခွဲဝေပေးရင် သိပ်



ကောင်းမှာပဲ။

အသုံးအတွက် မဟုတ်တော့ဘဲ အမြတ်အတွက်သာ ရောင်းဝယ်ခြင်း၊ ကုန်စည်ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း ပြုလိုကြတော့သည်။ ဤသို့ အမြတ်ကိုသာ ရှေးရှုသည်နှင့်အမျှ အရင်းမှအမြတ်၊ အမြတ်မှ အရင်းအဖြစ် သူတို့လူနည်းစုများထံ စုပုံသွားသောအခါ ရိုးသားသောလူများစုသည် ပစ္စည်းမဲ့လူတန်းစားအဖြစ် ငတ်ပြတ်ကုန်တော့သည်။ ငတ်၍မသေလိုသောအခါ မတရားခြယ်လှယ်လျက်ရှိသော အရင်းရှင်စနစ်အောက်သို့ ပြားပြားမှောက်ရောက်ရတော့သည်။

ခင်ဗျားတို့ကို စော်ကားထားတဲ့ တံငါဥပဒေကို တိုက်ဖျက်ဖို့ မလုံးပန်းဘဲ အဓိပ္ပာယ်မရှိတဲ့အဖြေကိုသာ စမ်းတဝါးဝါး လိုက်ရှာနေသမျှ ကာလပတ်လုံး ခင်ဗျားတို့ ကံကိုသာ ယိုးမယ်ဖွဲ့ရင်း၊ နတ်ကိုသာ ပသရင်း၊ ဇာတာကိုစစ်ဆေးရင်း၊ ဗေဒင်ကိန်းခန်းများကြည့်ရှုရင်း၊ ယတြာချေရင်းနဲ့ ငတ်ကြ မွဲကြ သေကြဦးပေါ့ဗျာ။

အထက်တွင်ဖော်ပြထားသော **ကြယ်နီ**၏ ရည်ရွယ်ချက်များကို လေ့လာပါလျှင် ကြယ်နီသည်...

တံငါသည်တို့၏ လူနေမှုအဆင့်အတန်းကို မြှင့်တင်လိုသောဆန္ဒပြင်းပြသည်ကို တွေ့ရမည်။

တံငါသည်တို့ လုပ်ငန်းအတွက် အင်းအိုင်တို့ကို သတ်မှတ်ခွဲဝေပေးစေလိုသော အာသီသ ပြင်းပြသည်ကိုလည်း မြင်ရမည်။

တံငါသည်တို့အပေါ် မတရားခြယ်လှယ်နေသော အမြတ်ကြီးစားခေါင်းပုံဖြတ် ကုန်သည်၊ ပွဲစားတို့ကို ပယ်ဖျောက်ပစ်စေလိုသော စေတနာပြင်းပြသည်ကိုလည်း မြင်ရမည်။

ထိုသို့သော သူ့ဆန္ဒသုံးခုကို အထမြောက်အောင် တံငါဥပဒေကို တိုက်ဖျက်ပစ်မှသာ တံငါသည်လောကသည် လူချင်းတူ၊ သူနှင့်မျှ ဖြစ်မည်ကို ရိပ်ခြည်ပြသော သူ့ခံယူချက်ကိုလည်း မြင်ရမည်။

ကြယ်နီသည် သူ့ရည်ရွယ်ချက်များ အောင်မြင်အောင် သူ့စာများ



တွင် တံငါသည်တို့၏ လက်ရှိအခြေအနေကို သရုပ်ဖော်သည်။ တံငါသည်တို့၏ နေရေး၊ စားရေး၊ ဝတ်ရေးတို့ကို အသေးစိတ်ဖော်ပြသည်။ တံငါသည်တို့၏ စကားအပြောအဆို၊ အလေ့စရိုက်၊ ဓလေ့ထုံးစံတို့ကိုလည်း ခြယ်မှုန်းထားသည်။ တံငါလုပ်ငန်း အထွေထွေ၊ တံငါလုပ်ငန်းကိရိယာ၊ တံငါသည်တို့၏ ကြိုးစားမှုအတန်တန်ကိုလည်း တင်ပြသည်။ တံငါသည်တို့၏ ဘာသာရေးကိုင်းရှိုင်းမှု၊ တံငါသည်တို့၏ အိမ်ထောင်ရေး အဆင်မပြေမှု၊ တံငါသည်တို့၏ အချစ်ရေးဆန်းကြယ်မှု၊ တံငါသည်တို့၏ သဘာဝဟာသ၊ တံငါသည်တို့၏ အယုံအကြည် အစွဲအလမ်းတို့ကိုလည်း ထောင့်အစုံမှ တင်ပြသည်။ တံငါဝန်းကျင်တွင် တွေ့ရမြင်ရသော ငါးမျိုးစုံတို့၏ သဘာဝသာမက အိမ်မွေးတိုက်ကြက်များ၊ နွားများ၊ ဖားများ အကြောင်းကိုပင် စိတ်ဝင်စားစဖွယ် တင်ပြသည်။

တံငါသည်တို့၏ ဘဝအထွေထွေကို သရုပ်ဖော်နေသည့် အကြားအကြား၌ပင် တံငါသည်တို့၏ လုပ်အားကို ခေါင်းပုံဖြတ်နေသည့် ကုန်သည်၊ ပွဲစား၊ အရင်းရှင်များကို ယှဉ်ပြသည်။ တံငါလုပ်ငန်း မလုပ်သာအောင် အဟန့်အတားပြုကြသည့် အင်းသားကြီးများ၊ အင်းအင်စပိတ်တော်များ၊ အင်းအုပ်ချုပ်ရေးဆိုင်ရာ အာဏာပိုင်များ၏ သဘာဝသရုပ်ကိုလည်း ဖော်ထုတ်တင်ပြသည်။

တံငါသည် လူတန်းစား၏အဆင့်အတန်းကို ကရုဏာထား၍ မြှင့်တင်လိုပါလျှင် တံငါသည်ဥပဒေကို တိုက်ဖျက်မှသာ ရည်ရွယ်ချက်အောင်မြင်မည်ကိုလည်း အလျဉ်းသင့်တိုင်း အကြံပြုသည်။

ကြယ်နီသည် သူတင်ပြလိုသော အကြောင်းအရာ၊ သူ တင်ပြလိုသော ရည်ရွယ်ချက်များကို ကရားရေသွန် ဝေဝေဆာဆာရေးပြရာ၌ သူရေးပြသော စကားပြေအရေးအသားသည် ရှင်းပါသည်၊ ပေါ်လွင်ပါသည်၊ ပြေပြစ်ပါသည်၊ သူ့စာများသည် အစ၊ အလယ်၊ အဆုံး သုံးပါးသော ကောင်းခြင်းနှင့်ပြည့်စုံသော စာများဖြစ်ပါသည်။ သရုပ်ဖော်ရေးနည်း၊ ဖြစ်စဉ်ပြရေးနည်း၊ ဖွင့်ဆိုရှင်းပြရေးနည်း၊ ကျိုးကြောင်းပြ ရေးနည်းတို့ဖြင့် စကားပြေရေးနည်းလေးမျိုးစလုံး အကျုံးဝင်အောင် သူ့နေရာနှင့်သူ အံ့ဝင်ခွင်ကျရေးသော စာများလည်း ဖြစ်ပါသည်။



စကားအသုံးအနှုန်းအနေဖြင့်လည်း တံငါသည်တို့ နှုတ်ဖျားမှ ထွက်သော အသုံးအနှုန်းကို တိကျမှန်ကန်စွာ သုံးပါသည်။ တံငါသည်တို့၏ ဝေါဟာရကို မှန်ကန်စွာ သုံးပါသည်။ တံငါသည်လောကက တံငါသည်တစ်ဦး ရေးသကဲ့သို့ တံငါသည် စာပေပီသပါပေသည်။

ကြယ်နီ၏ထူးခြားချက်တစ်ရပ်မှာ ရိုးရာစဉ်လာ မြန်မာဓလေ့ထုံးစံများ၊ ရှေးစာကြီးပေကြီးများကို ဆီလျော်ရာရာ ထည့်သွင်းအသုံးချတတ်ခြင်းပင်ဖြစ်ပါသည်။

ကြက်သံကို ဇာဟိုပြုခဲ့သော ရိုးရာစဉ်လာ မြန်မာ့ဓလေ့နှင့် စပ်လျဉ်း၍ အိပ်တန်းတက်ချိန်၊ သူငယ်အိပ်ဆိတ်၊ သက်ကြီးခေါင်းချ၊ လုလင်ပြန်ချိန်၊ သန်းခေါင်ကြက်၊ ကြက်ဦးတွန်၊ လင်းကြက်ဆော်ချိန်တို့ကို နာရီဖြင့် တိတိကျကျ ဖော်ပြပညာပေးပါသည်။

ရှေးသူဟောင်းတို့ နေကိုကြည့်၍ နေထွက်တစ်ပြူ၊ နေထန်းတစ်ဖျား၊ ဆွမ်းခံပြန်ချိန်၊ နေမွန်းတည့်၊ နေမွန်းတိမ်း၊ နေစောင်းတကျ၊ နေစွယ်ကျိုး၊ နေအေး၊ နေဝင်ရီတရော အချိန်များကိုလည်း နာရီဖြင့် တိတိကျကျ ဖော်ပြပညာပေးပါသည်။

ကဆုန်ရေရှူး၊ ရေဦးရေလွှင်၊ ရေသမင်ကလေးများအကြောင်းကို ဖော်ပြရာ၌ ကြယ်နီသည် သူ့စာကို ခိုင်ခံ့ရန်အတွက် မန်လည်ဆရာတော်ဘုရားကြီး၏ မဃဒေဝလင်္ကာသစ်မှ ပုတ္တောဝါဒခန်းကို ကိုးပြပါသည်။ ပုတ္တောဝါဒခန်း စာမျက်နှာ (၁၆၉) သို့ လှန်ကြည့်ပါဟူ၍လည်း ညွှန်ကြားပါသည်။ စာသားကိုပင် "ပမာထင်ရှား၊ သူကောင်းသားမူ၊ ယဉ်ပါးအဟုတ်၊ သူယုတ်၏သား၊ ရမ်းကားတတ်စွ၊ မိုက်မာနနှင့်၊ ဒေါသဟုန်ဟုန်၊ တဖျင်သုန်ဖြင့်၊ နယုန်ရေရှူး၊ ရေဦးရေလွှင်၊ ရေသမင်သို့၊ လျှင်လျှင်ဟုပ်ဟုပ်၊ သိမ်းချုပ်မတည်း၊ လိမ္မာနည်း၏" ဟု ပညာပေးပါသည်။ ဖတ်ရသူအဖို့ ချက်ကျလက်ကျ ပညာရ၍ ဗဟုသုတ တိုးပါသည်။

**ငါးနောက်သွား** အကြောင်းကို ဖော်ပြရာ၌လည်း ဘကြီးတော်ဘုရား (ဝါ) ရွှေဘိုမင်းလက်ထက်က စာဆိုတော် ဦးလွမ်းပြေ၏ တောင်သမန်အင်းဘွဲ့ကို ကိုးပြပါသည်။ စာသားကိုပင် မင်းလွင်မှိုင်းအို့ အစချီပြီးလျှင် "ငါးတန် ငါးတန် ငါးခုံးမ၊ ငါးလူးသမီး၊ ငါးလဲကြီးကို၊ ဧနီးမတော်



ရတည့်လေး။ မှင်စငယ်လေးများလျား၊ ငါးနောက် ငါးနောက်သွား၊ ကမ်းနားခိုမျှ ပြိုကြလေ" ဟူ၍ တစ်ပုဒ်လုံးကို အစမှအဆုံးတိုင် ဖော်ပြ ပညာပေးပါသည်။ ဖတ်သူအဖို့ စာအမြင် ဗဟုသုတတစ်ခု တိုးရပါသည်။

ရေအောက်သို့ငုပ်၍ ငါးဟု အထင်မှားကာ မြွေကို ကိုင်ဆုပ်ဖမ်းမိသော တံငါသည် ကိုဖိုးငွေအကြောင်းကို ရေးရာ၌လည်း ရှင်မဟာသီလဝံသဆရာတော် ပြုစုခဲ့သော ဆုတောင်းခန်းပျို့ကို ကိုးပြန်ပါသည်။

"ဆယ်လံအစောက်၊ ရေထဲအောက်သို့၊ တုတ်ချောက်စုပ်စုပ်၊ စုံးစုံးငုပ်၍၊ စမ်းခုပ်သရော်၊ သူပေါ်စိမ်းစား၊ တံငါသားလျှင်၊ လည်ကြားသုံးရစ်၊ မည်းချစ်ရင်ပြောက်၊ ရေမြွေဟောက်ကို လန့်ခြောက်မရှိ ငါးဟုမိ၍၊ လည်စိကိုင်ဆုပ်၊ ဝမ်းသာရုပ်ဖြင့်၊ သူနုပ်ကျွန်လျော်၊ ကြည့်လျက်ပေါ်သော်၊ မြော့ကတုံးတုံး၊ အလူဆုံးဟု၊ နှလုံးမဆုံ့၊ ရင်တီးအံ့သို့" ဟူ၍ စာကြီးပေကြီးကို အထောက်အထားပြပြန်ပါသည်။ ဖတ်ရှုသူအဖို့ စာပေဗဟုသုတတစ်မျိုး တိုးရပြန်ပါသည်။

ကြယ်နီသည် တံငါလောကကို စက်ဆုပ်စရာ၊ ရွံစရာ၊ သနားစရာ၊ ထိတ်လန့်စရာ၊ ရယ်စရာ၊ ကြည်နူးစရာ၊ လွမ်းစရာ၊ မချင့်မရဲ ဖြစ်စရာ၊ မုန်းစရာ၊ ချီးကျူးစရာအဖြစ် ရသအမျိုးမျိုး ခံစားရအောင် အသွင်အမျိုးမျိုး ဖော်ပြသောကြောင့် ကြယ်နီ၏စာသည် ရသမြောက်စာပေဟုလည်း ဆိုနိုင်ပါသည်။

တံငါလုပ်ငန်း၊ တံငါဝေါဟာရ၊ တံငါ့ဓလေ့၊ တံငါ့စရိုက်တို့ကို ရှုထောင့်အထွေထွေမှ တင်ပြရုံသာမက စာကြီးပေကြီး အကိုးအကား၊ ရိုးရာစဉ်လာ မှတ်သားစရာများကိုလည်း တင်ပြသောကြောင့် သူ့စာကို သုတစာပေဟုလည်း ဆိုနိုင်ပါသည်။

ခြုံရုံသုံးသပ်ကြည့်သောအခါ၌မူ ကြယ်နီ၏စာသည် သုတရသမြောက်သော စာပေဖြစ်သည်ကို အထင်အရှား မြင်ရပါသည်။

စာဖတ်သူအဖို့ သုတ ရသမြောက်သောစာပေကို ဖတ်ရရုံသာမက မြန်မာတို့၏ အဓိကစားသုံးကုန်တစ်ခုဖြစ်သော ငါး၊ ငါးပိ၊ ငါးခြောက်တို့အကြောင်းနှင့် ထိုပစ္စည်းများထုတ်လုပ်သည့် တံငါလုပ်သားကြီးများ၏ဘဝကို ထင်ထင်ရှားရှား မြင်ရသဖြင့် ကြယ်နီကို များစွာချီးကျူးမိပါ



သည်။ မြန်မာစာပေလောကတွင် ကွက်လပ်ဟာနေသော တံငါစာပေကဏ္ဍသစ်ကို ဖြည့်တင်းပေးလိုက်သောကြောင့်လည်း ကြယ်နီကို များစွာလေးစားဂုဏ်ပြုမိပါသည်။

**မောင်မောင်ကြီး**
အငြိမ်းစား မြန်မာစာပါမောက္ခ
ဝိဇ္ဇာနှင့်သိပ္ပံ တက္ကသိုလ်၊ ရန်ကုန်။

ရက်စွဲ - ၁၁-၁-၇၅

❖